# မြန်မာနိုင်ငံရဲတပ်ဖွဲ့
# ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
## (ရုံးတွင်းအမိန့် - ၅၅ / ၂၀၂၂)

အကြောင်းအရာ။ **ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

ရည် ညွှန်း ချက်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၁-၁၂-၂၀၂၁ ရက်စွဲပါအမိန့်အမှတ်၊ ၁/၂၀၂၂

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ရည်ညွှန်းပါအမိန့်ဖြင့် ဖွဲ့စည်းထားသည့် ကုမ္ပဏီအဖွဲ့အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း ကော်မတီ၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် အတွက် **"ကုမ္ပဏီအဖွဲ့ အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့"**ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ရဲမှူးကြီး မျိုးမင်းထိုက် | ဒုတိယတပ်ဖွဲ့မှူး | **ဥက္ကဋ္ဌ** |
| (ခ) | ဒုတိယရဲမှူးကြီး မြင့်စိုး | ဌာနခွဲမှူး(ဆက်ဆံရေးဌာနခွဲ) | အဖွဲ့ဝင် |
| (ဂ) | ရဲမှူး မိုးမိုးဝင်း | မှု/စီ/သု ဌာနခွဲ | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရဲမှူး မင်းယုနိုင် | အုပ်ချုပ်/ထောက်ပံ့ဌာနခွဲ | အဖွဲ့ဝင် |
| (င) | ဒုတိယရဲမှူး ရာဝင်း | ဆက်ဆံရေးဌာနခွဲ | အဖွဲ့ဝင် |
| (စ) | ရဲအုပ် ကျော်ကျော်ဝင်း | စုံစမ်းထောက်လှမ်းရေးဌာနခွဲ -၂ | အဖွဲ့ဝင် |
| (ဆ) | ရဲအုပ် မိုလ်ရဲ | စုံစမ်းထောက်လှမ်းရေးဌာနခွဲ -၁ | အဖွဲ့ဝင် |
| (ဇ) | ဒုရဲအုပ် သူရဇော်ဦး | မှု/စီ/သု ဌာနခွဲ | အဖွဲ့ဝင် |
| (ဈ) | ဒုရဲအုပ် သိမ့်သိမ့်လှိုင် | မှု/စီ/သု ဌာနခွဲ | အဖွဲ့ဝင် |
| (ည) | ရဲအုပ် ဝင်းနိုင်ထွန်း | မှု/စီ/သု ဌာနခွဲ | **အတွင်းရေးမှူး** |

၂။ ကုမ္ပဏီအဖွဲ့ အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်ခြင်း။

(ခ) ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရာတွင် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(ဂ) ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ် အရ ကော်မတီက ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေး ပွဲများတွင် လိုက်ပါကူညီဆောင်ရွက်ပေးခြင်း။

(ဃ) ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ ငွေကြေးခဝါချမှုနှင့် စပ်လျဉ်းသည့် ခြိမ်းခြောက်မှုများ၊ အားနည်းချက်များနှင့် အကျိုးဆက်များ ခွဲခြမ်းစိတ်ဖြာခြင်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) ကုမ္ပဏီအဖွဲ့ အစည်းများ(Legal Persons)နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံး နိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(signature) ၁၄/၁၆

တပ်ဖွဲ့မှူး

(ရဲမှူးချုပ် မျိုးသူစိုး)

စာအမှတ်၊ ၄၂၅၆ (၃၄၉၇) / ၁၄-၀၁ / ဦး ၂

ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၁၈ ရက်

**ဖြန့်ဝေခြင်း**

တပ်ဖွဲ့မှူးရုံးအဖွဲ့

ဒုတိယတပ်ဖွဲ့မှူး

ဌာနခွဲမှူး

သက်ဆိုင်ရာအရာရှိများ

ကြော်ငြာသင်ပုန်း

မိတ္တူကို

မျှော/လက်ခံ